**ဂျပန်ကုမ္ပဏီများတွင် အလုပ်လုပ်ကိုင်ရန် သို့မဟုတ် လေ့ကျင့်ရေးသင်တန်းသားအဖြစ် လုပ်ကိုင်ရန် စီစဉ်ထားပြီး OWIC ကတ်ထုတ်ပေးမှု ဆိုင်းငံ့ထားသည့်အတွက် အခက်အခဲ ကြုံတွေ့နေရသူ မြန်မာနိုင်ငံသားများအတွက် ဆွေးနွေးအကြံပေးရေးစင်တာဖွင့်လှစ်ခြင်း**

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးသည် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ မြန်မာ-ဂျပန်စင်တာ (MJC) တို့နှင့် ပူးပေါင်း၍ ဂျပန်ကုမ္ပဏီများတွင် အလုပ်လုပ်ကိုင်ရန် သို့မဟုတ် လေ့ကျင့်ရေးသင်တန်းသားအဖြစ် လုပ်ကိုင်ရန်စီစဉ်ထားပြီး Overseas Worker Identification Card (OWIC) ကတ်ထုတ်ပေးမှု ဆိုင်းငံ့ထားသည့်အတွက် အခက်အခဲနှင့် စိုးရိမ်ပူပန်မှုများကြုံတွေ့နေရသူ မြန်မာနိုင်ငံသားများအတွက် ဆွေးနွေးအကြံပေးရေးစင်တာကို ဖွင့်လှစ်ရန် ဆုံးဖြတ်လိုက်ပါသည်။

အဆိုပါစင်တာကို ဧပြီလ ၇ ရက်နေ့မှစတင်၍ မြန်မာ-ဂျပန်စင်တာတွင် အချိန်ကာလအကန့်အသတ်ဖြင့် ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

အလုပ်သမားစေလွှတ်ရေးအေဂျင်စီ၊ ပညာသင်ကြားရေး၊ စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်ရေး၊ ဥပဒေရေးရာ စသဖြင့် ဆိုင်ရာကဏ္ဍများစွာအလိုက် ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်နိုင်ရန် စီစဉ်ထားသည့်အတွက် ဆက်ဆက်လာရောက်၍ ဝန်ဆောင်မှုများရယူနိုင်ပါသည်။

စင်တာသို့မလာရောက်မီ အောက်ပါကြိုတင်စာရင်းသွင်း Link တွင် ဦးစွာ ကြိုတင်စာရင်းသွင်းရမည် ဖြစ်ပါသည်။

ပထမအကြိမ်တွင် စင်တာတည်ရှိရာ MJC သို့ အတတ်နိုင်ဆုံး ကိုယ်တိုင် လာရောက်ဆွေးနွေးစေလိုပါသည်။ ကိုယ်တိုင်လာရောက်ရန် အခက်အခဲရှိပါက အွန်လိုင်းဖြင့် ဆက်သွယ်ဆွေးနွေးပေးမည် ဖြစ်ပါသည်။

**＜အသေးစိတ်အချက်အလက်＞**

စင်တာဖွင့်လှစ်မည့်ကာလ : ၂၀၂၅ ခုနှစ် ဧပြီလ ၇ ရက် (တနင်္လာနေ့) မှ ဇွန်လ ၆ ရက် (သောကြာနေ့) အထိ

(※ သင်္ကြန်ကာလများဖြစ်သည့် ဧပြီလ ၁၄ ရက် (တနင်္လာနေ့) မှ ဧပြီလ ၂၁ ရက် (တနင်္လာနေ့) အထိ ကာလအတွင်းတွင် စင်တာကိုပိတ်ထားမည်ဖြစ်ပါသည်။)

စင်တာဖွင့်ချိန် : နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ

ကြိုတင်စာရင်းသွင်းရန် Link : https://ee.kobotoolbox.org/vqupCdxP